Market Commentary

# Myanmar Thilawa SEZ Holdings

**KBZSC Securities Trading** Aug 16, 2019

## MTSH ဆက်တက်နိုင်ချေရှိသလား?

### Can MTSH go higher?

ပြီးခဲ့သည့် ဧပြီလတွင် KBZSC မှ “MTSH ရှယ်ယာတွင် ရင်းနှီးမြှုပ်နှံခြင်း” အကြောင်းမျှဝေခဲ့သည့် နောက်ပိုင်း MTSH ၏ ရှယ်ယာတစ်စုဈေးနှုန်းမှာ ကျပ် ၂,၈၅၀ မှ ၄၃.၈% မြင့်တက်ခဲ့ရာ ဩဂုတ်လ ၁၅ ရက်ပိတ်ဈေးအရ ကျပ် ၄,၁၀၀ အထိရောက်ရှိခဲ့သည်။ အဆိုပါဈေးနှုန်းမှာ ၂၀၁၇ ခုနှစ် မေလနောက်ပိုင်း ဈေးနှုန်းအမြင့်ဆုံးအနေ အထားတွင် ရောက်ရှိလျက်ရှိသည်။ ယခုနှစ်မေလပိုင်းမှ စတင်၍ MTSH ရှယ်ယာဈေးနှုန်းများမှာ အတက်ဘက်တွင် ရှိနေခဲ့ပြီး အမြတ်ဝေစုခံစားခွင့်မရှိသော အစုရှယ်ယာဝယ် ယူသည့်ရက် (ex-dividend date) တွင် ရှယ်ယာဈေးနှုန်း များ ခေတ္တကျဆင်းခဲ့ပြီးနောက် ဇူလိုင်လ ၁၅ ရက်နေ့တွင် ရှယ်ယာဈေးနှုန်းများ ပြန်လည် မြင့်တက်လာခဲ့သည်။

Since KBZSC’s email issue of “Investing in MTSH” in April 2019, share prices have increased by 43.8% from Ks 2,850 to Ks 4,100, the highest since May 2017. MTSH share prices have been trending upwards since the start of May and after a brief decrease in prices on ex-dividend day, share prices started to increase again on July 15, coinciding with the issue of SECM’s notification on foreign trading. This could be due to general speculation in the market that MTSH can become an attractive stock for foreign investors.

### MTSH Closing Prices (May 2016 – August 2019)




*Source: Yangon Stock Exchange*

အဆိုပါဈေးနှုန်းမြင့်တက်မှုသည် SECM မှ နိုင်ငံခြားသားများ YSX ရှယ်ယာများတွင် ရင်းနှီးမြှုပ်နှံခွင့် အမိန့်ကြော်ငြာစာထွက်ရှိသည့်အချိန်နှင့် တိုက်ဆိုင်နေသောကြောင့် ပြည်တွင်းဈေးကွက်တွင် MTSH ရှယ်ယာကို နိုင်ငံခြားသားများရင်းနှီးမြှုပ်နှံရန် စိတ်ဝင်စားနိုင်သည့် ရှယ်ယာတစ်ခု အဖြစ် သတ်မှတ်ခြင်း ဖြစ်နိုင်ချေရှိပါသည်။

ထို့ကြောင့် MTSH ရှယ်ယာဈေးနှုန်းသည် ဆက်တက်နိုင်ချေရှိပါသလား? ပြီးခဲ့သည့်လအတွင်း MTSH ရှယ်ယာဈေးနှုန်းများသည် ပုံမှန်အတက်ဘက်တွင်ရှိနေခဲ့ပြီး ပြီးခဲ့သည့် အရောင်းအဝယ်ပြုလုပ်သည့် ရက်ပိုင်း အတွင်း ဈေးနှုန်းများ တဟုန်ထိုးမြင့်တက်ခဲ့သည်ကို တွေ့ရပါသည်။ ယမန်နေ့ဈေးကွက်အပိတ်တွင် MTSH ၏ တနေ့တာ ရှယ်ယာဈေးနှုန်းအရောင်းအဝယ်ဖြစ်မှု အရေအတွက်မှာ ၃၁,၃၅၆ စု အထိရှိခဲ့ပြီး ရှယ်ယာအပေါ် ဈေးကွက်ဝယ်လိုအားရှိနေသည်ကို တွေ့ရသည်။ နောက်ဆုံးထွက်ရှိထားသည့် ကုမ္ပဏီစာရင်းရှင်းတမ်းများအရလည်း MTSH ကုမ္ပဏီအုပ်စု၏ အခြေခံဘဏ္ဍာရေးနှင့် လုပ်ငန်းပိုင်းဆိုင်ရာ အချက်အလက်များသည်လည်း တောင့်တင်းခိုင်မာလျက်ရှိပြီး ကုမ္ပဏီအုပ်စု၏ အနာဂတ်အလားအလာမှာလည်း ကောင်းမွန်လျက်ရှိသည်ကိုတွေ့ရသောကြောင့် MTSH ရှယ်ယာအပေါ် နိုင်ငံခြားသားများရင်းနှီးမြှုပ်နှံရန် စိတ်ဝင်စားနိုင်သည့် ရှယ်ယာတစ်ခု ဖြစ်နိုင်ပါသည်။ ထို့ကြောင့် KBZSC အနေဖြင့် MTSH ရှယ်ယာဈေးနှုန်းမှာ အတက်ဘက်တွင်ဆက်လက်တည်ရှိနိုင်သည့် အလားအလာရှိသည်ဟု ယူဆပါသည်။

သို့သော် ယမန်အရောင်းအဝယ်ပြုလုပ်သည့်နေ့များတွင် MTSH ရှယ်ယာဈေးနှုန်းမှာ တဟုန်ထိုးမြင့်တက်ခဲ့သဖြင့် ရှယ်ယာဈေးနှုန်းများမှာ အတက်ဘက်သို့ ဆက်လက်မမြင့်တက်မီ ဈေးနှုန်းများပြန်လည်ကျဆင်းနိုင်သည်ကို KBZSC မှ အသိပေးအကြံပြုလိုပါသည်။

So, can MTSH share prices go higher? Share prices have been on a steady and upward trend for the past month, with sharp increases in the past few trading days. It is clear that there is a demand for the stock as the volume traded yesterday was 31,356 shares.

Based on the latest earnings report, the fundamentals of MTSH company are strong and the company's future prospects remain promising and this could be an interesting stock that foreigners may want to buy. We believe that MTSH will continue to trend up further.

However, due to the sharp increase in MTSH's prices in the past few trading days, we would advise customers to be cautious as price may come down first before continuing the uptrend.

## KBZSC Securities Trading Department Contact Details


| | | | |
|---|---|---|---|
| License No. | : 001 | Website | : www.kbzsc.com |
| Telephone | : 01 230 7305 - 08 | Facebook | : www.facebook.com/KBZSC |
| Email | : trading@kbzsc.com | Office Hours | : 9:00 AM - 4:30 PM (Monday – Friday) |



*Disclaimer:*

*The ideas expressed here should not be construed as an enticement to buy or sell the securities mentioned. The accuracy or completeness of the information provided cannot be guaranteed. All customers should carry out independent verification of information provided. No warranty whatsoever is given and no liability whatsoever is accepted for any loss howsoever arising whether directly or indirectly as a result of actions taken based on ideas and information found in this presentation.*